ငြိမ်းချမ်းမေတ္တာအဖွဲ့
Religions for Peace-Myanmar
No.196| First Floor| Bogyoke Aung San Road | Ward 10| Botahtaung Twonship 11162|
Yangon| Myanmar. Tel: +95 9 422335500 |*Email:* office@rfpmm.org
rfpmmoffice@gmail.com *Website:* www.rfpmm.org

RS012020

# ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ် နယ်စပ်အတွင်းဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

ရက်စွဲ - ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၉) ရက်။

ယခုလက်ရှိမြန်မာနိုင်ငံတွင်၊ ကမ္ဘာ့ကပ်ဘေးရောဂါဟုသတ်မှတ်ထားသည့် ကိုရိုနာဗိုင်းရပ်ရောဂါ (ကိုဗစ် -၁၉ ၊ COVID-19) ကူးစက်ပျံ့နှံ့မှုသည်၊ တစ်နေ့တစ်ခြားပိုမိုများပြားလာပြီး အသက်အန္တရာယ် ဆုံးရှုံး သည်အထိဖြစ်လာသည့်အတွက်၊ မြန်မာနိုင်ငံသူနိုင်ငံသားများအလွန်အမင်း စိုးရိမ်ကြောင့်ကြနေ ကြပါသည်။

ကမ္ဘာ့ကပ်ရောဂါကိုစိုးရိမ်ပူပန်နေရသည်နှင့် အမျှ၊ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်း နှင့် ချင်းပြည်နယ် နယ်စပ်တို့တွင် မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲများပြင်းထန်စွာဖြစ်နေကြခြင်း ကြောင့် အဆိုပါဒေသရှိ ကျေးရွာများမှ အပြစ်မဲ့ ပြည်သူများသည်ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ နေအိမ်များပေါ်သို့ ဗုံးများကျ၍ လူမမယ်ကလေးငယ်များနှင့် အမျိုးသမီးများ အသက်ဆုံးရှုံးခဲ့ ရခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခြင်း စသည်တို့ကြုံတွေ့နေရပြီး၊ တိုက်ပွဲ၏အကျိုးဆက် ကြောင့် လူမမယ်ကလေးငယ်များ၊ အမျိုး သမီးများ၊ သက်ကြီးရွယ်အိုများနှင့် တိုင်းရင်းသားပြည်သူများစွာ အိုးမဲ့ အိမ်မဲ့ အခြေအနေမဲ့သည့် ဘဝ သို့ရောက်ရှိနေကြပါသည်။

သို့ဖြစ်ပါ၍ **ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအလျင်အမြန်လုပ်ဆောင်နိုင်ရန်နှင့် ထိုဒေသရှိပြည်သူ လူထုများကို အခြေခံစားသောက်ကုန်နှင့်ရိက္ခာများ အချိန်မီကူညီထောက်ပံ့မှု လုပ်ဆောင်နိုင်ရန်အတွက် လတ်တလောဖြစ်ပွားနေသော တိုက်ပွဲများကို အမြန်ဆုံးရပ်တန့်ပေးရန် တောင်းဆိုလိုက်သည်။**

(မြင့်ဆွေ)
ဥက္ကဋ္ဌ
ငြိမ်းချမ်းမေတ္တာအဖွဲ့
(*Religions for Peace* - Myanmar)